# ပြည်သူ့လွှတ်တော်ရုံး
## သုတေသနဌာန

## အမျိုးသားစာကြည့်တိုက်ဥပဒေကြမ်းအားလေ့လာခြင်း

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်

**အကျဉ်းချုပ်**

အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်းသည် အသစ်ရေးဆွဲသည့် ဥပဒေကြမ်းဖြစ်ပါသည်။ အမျိုးသားစာကြည့်တိုက်မှ စာပေအနုပညာပစ္စည်းများ ရယူစုဆောင်းခြင်းနှင့်စပ်လျဉ်း၍ ဥပဒေမူဘောင်ကို ပြဋ္ဌာန်းခြင်းဖြစ်ပါသည်။ ဥပဒေကြမ်းတွင် မြန်မာ့အမျိုးသားစာပေအမွေအနှစ် ဗဟိုဌာနဖြစ်လာစေရန်နှင့် ပြည်တွင်းပြည်ပရှိစာကြည့်တိုက် အသင်းအဖွဲ့များအချင်းချင်း ချိတ်ဆက်ဆောင်ရွက်နိုင်ရန် အချက်များပါဝင်ပါသည်။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနကို စီမံခန့်ခွဲမှုပေးထားပြီး ကြီးကြပ်မှုအဖွဲ့က အကောင်အထည်ဖော်ရန်ဖြစ်သည်။ ဝန်ကြီးဌာနကို နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများအား ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်ခွင့်ပေးထားသကဲ့သို့ ကြီးကြပ်မှုအဖွဲ့ကိုလည်း အဆိုပါထုတ်ပြန်ချက်များနှင့်အညီ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ခွင့်ပေးထားပါသည်။ ဥပဒေကြမ်းတွင် စာပေအနုပညာပစ္စည်း၊ ပုံနှိပ်သူ၊ ထုတ်ဝေစာ၊ ထုတ်ဝေသူ၊ ဖြန့်ချိသူ စသည့်စကားရပ်များ၌ အကျုံးဝင်သည်များကို အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ အမျိုးသားစာကြည့်တိုက်ဖွဲ့စည်းတည်ထောင်ခြင်းနှင့် ကြီးကြပ်မှုအဖွဲ့ဖွဲ့စည်းပြီးမူဝါဒများ၊ လုပ်ငန်းအစီအစဉ်များချမှတ်၍ စာပေအနုပညာပစ္စည်းများကို ရယူစုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ ဖြန့်ဝေခြင်းတို့အတွက် အမျိုးသားစာကြည့်တိုက်ခွဲများဖြင့် ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်စေမည်ဖြစ်ပါသည်။ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုချိုးဖောက်ပါက ကျပ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ကို ချမှတ်ရမည်ဟုပါရှိပါသည်။

စာတမ်းတိုအမှတ်စဉ်(၁၁၅)

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

**ဥပဒေကြမ်းတွင်ပါရှိသည့်ပုဒ်မများအားလေ့လာခြင်း**

၁။ အခန်း (၁) အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် ပုဒ်မ ၂ (ဂ) တွင် စာပေအနုပညာပစ္စည်း အဓိပ္ပာယ်ရှင်းလင်းချက်သည်ကျယ်ပြန့်ပါသည်။ စံနှုန်းသတ်မှတ်ချက်များမပါဘဲ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ လက်ကမ်းစာစောင်များသည် ယေဘုယျအသုံးပြုနေသော ပစ္စည်းများပါဝင်သည့် သဘောဆောင်နေပါသည်။

၂။ **ပုဒ်မ ၂ (စ) ပုံနှိပ်သူ၊ ပုဒ်မခွဲ (ဆ) ထုတ်ဝေစာ၊ ပုဒ်မခွဲ (ဇ) ထုတ်ဝေသူ၊ ပုဒ်မခွဲ (ဈ) ဖြန့်ချိသူ** ဆိုသည့်စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် ကျယ်ပြန့်လွန်းပြီး အခြားသောပုံနှိပ်ထုတ်ဝေဖြန့်ချိသော လုပ်ငန်းများပါဝင်သည့် အဓိပ္ပာယ်အမျိုးမျိုးကို ဆောင်စေပါသည်။ အစုစပ် (Partnership) မှသည် တာဝန်ခံပုဂ္ဂိုလ်အထိ ကျယ်ပြန့်သည့်သဘောကို ဆောင်ပါသည်။

၃။ အခန်း (၃) အမျိုးသားစာကြည့်တိုက် ဖွဲ့စည်းတည်ထောင်ခြင်း ပုဒ်မ ၅ (က) တွင် ဝန်ကြီးဌာနသည် နိုင်ငံတော်အတွင်းသင့်လျော်သည့်ဒေသတွင် အမျိုးသားစာကြည့်တိုက်ခွဲများ တည်ထောင်နိုင်သည်ဟု ဖော်ပြထားပါသည်။ “သင့်လျော်သည့်ဒေသ”ဟု ဆိုခြင်းသည် မည်သည်ကို မည်သို့ဖော်ညွှန်း၍ သင့်လျော်သည်ဟူသော လက္ခဏာသတ်မှတ်ချက်အမျိုးမျိုးကို ဖွင့်ဆိုရန် လိုအပ်ပုံကို ရည်ညွှန်းနေပါသည်။

၄။ အခန်း (၄) ကြီးကြပ်မှုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်း၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ ပုဒ်မ ၈ (ဂ) တွင် စာပေအနုပညာပစ္စည်းများကို သတ်မှတ်ထားသော စာပေအနုပညာပစ္စည်းစုဆောင်းရေး မူဝါဒနှင့်အညီ “ဝယ်ယူစုဆောင်းခြင်း” ဟုဖော်ပြထားသော်လည်း ပုဒ်မ ၁၀ (က) တွင် အမျိုးသားစာကြည့်တိုက်သို့ “အခမဲ့ပေးပို့ရမည်” ဟု ဖော်ပြထားသည့်အတွက် ဖော်ပြချက်များအရ ပုဒ်မနှစ်ခုသည် ရှေ့နောက်မညီညွတ်သည့်သဘောဆောင်ပါသည်။

၅။ ပုဒ်မ ၁၀ (က) တွင် ပုံနှိပ်သူများ ထုတ်ဝေသူများနှင့် ဖြန့်ချိသူများသည် နိုင်ငံတော်အတွင်း ထုတ်ဝေသမျှသောဆိုသည့် ဖော်ပြချက်စကားရပ်များသည် စာပေအနုပညာပစ္စည်းနှင့် သက်ဆိုင်သည့် သတ်မှတ်ချက်များပါဝင်မှုမရှိဘဲ ထုတ်ဝေသမျှအားလုံးကို ဖော်ညွှန်းနေပါသည်။

၆။ ပုဒ်မ ၁၀ (က) ပါ ပြဋ္ဌာန်းချက်များအရ ထုတ်ဝေသည့်နေ့မှ တစ်လအတွင်း ငါးအုပ်၊ ငါးစောင် သို့မဟုတ် ငါးခုကို အမျိုးသားစာကြည့်တိုက်သို့ အခမဲ့ပေးပို့ရမည်ဟု ဖော်ပြထားခြင်းသည် အချိန်ကာလအရလည်းကောင်း၊ အရေအတွက်အရလည်းကောင်း၊ အခမဲ့ပေးပို့ရမည့် အခြေအနေအရလည်းကောင်း ဆွေးနွေးညှိနှိုင်းရန် လိုအပ်သောအချက်များ ဖြစ်နိုင်ပါသည်။

၇။ ပုဒ်မ ၁၁ (က) တွင် စာအုပ်ထုတ်ဝေရာတွင် အမျိုးသားစာကြည့်တိုက်မှ ပြုစုပေးသော စာကြည့်တိုက်သုံး ကတ်တလောက်ပုံစံ (Cataloguing in Publication– CIP) ကို မိမိတို့ ထုတ်ဝေသောစာအုပ်များတွင် ဖော်ပြပေးရမည်ဟု ဖော်ပြချက်များသည် ပုံနှိပ်သူ၊ ထုတ်ဝေသူနှင့် ဖြန့်ချိသူများသည် ကတ်တလောက်ပုံစံများ၏သဘောကို ကြိုတင်သိရှိထားရမည်ကို ဖော်ညွှန်းနေပါသည်။

၈။ ဥပဒေပါ အခန်း ၆ ၊ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းတွင် ပုဒ်မ ၁၄ ၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ပါ ပြဋ္ဌာန်းချက်များကို ပြုလုပ်ပါက ကြီးကြပ်မှုအဖွဲ့မှ ကျပ်ဆယ်သိန်းထက်မပိုသော ဒဏ်ကြေးချမှတ်ခြင်းသည် သင့်လျော်ပါသည်။ ပုဒ်မခွဲ (ဂ)ပါ ပြဋ္ဌာန်းချက်တွင် ပုဒ်မ ၁၀၊ ပုဒ်မခွဲ (က) ပါ သတ်မှတ်ချက်နှင့်အညီ ပေးပို့ရန်ပျက်ကွက်ခြင်းဆိုသည့် စကားရပ်သည် စာပေအနုပညာပစ္စည်းအားလုံး အကျုံးဝင်နေသည့်အပြင် ပုဒ်မ ၁၀၊ ပုဒ်မခွဲ (က) ပါ ပေးပို့ရမည့်သတ်မှတ်ချက်များနှင့်လည်း ကိုက်ညီရန်လိုအပ်ပါသည်။ ထို့ကြောင့် ပုဒ်မ ၈ ပါ ဒဏ်ကြေးငွေသတ်မှတ်ချက်များသည် စဉ်းစားဆွေးနွေး ဆုံးဖြတ်ရန်အချက်များ ဖြစ်ပေါ်နိုင်ပါသည်။

**သုတေသနဌာန**

**ပြည်သူ့လွှတ်တော်ရုံး**

**ဤစာတမ်းတိုအား ဒေါ်ဆွေနွယ်ဝင်း (လက်ထောက်ညွှန်ကြားရေးမှူး) မှ တာဝန်ယူရေးသား၍ သုတေသနဌာနမှ အရာထမ်းအဆင့်ဆင့်က ဝိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်း ဖြစ်ပါသည်။**

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည် အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။
သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅